Khine Zin Yaw Trading Company Limited မှ တင်ပြသည့် အဆိုပြုလွှာနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း

ရေငန်ပုစွန်မွေးမြူ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း (farming and production of shrimp)

စဉ်	ဆောင်ရွက်သည့်အကြောင်းအရာ	ဆောင်ရွက်သည့် ရက်စွဲ	အကြောင်းပြန်ကြားသည့် ရက်စွဲ/ ကုမ္ပဏီမှ တင်ပြသည့် ရက်စွဲ	မှတ်ချက်
၁	အဆိုပြုချက်တင်ပြလာခြင်း		၂၃-၉-၂၀၁၉	
၂	လုပ်ငန်း လိုအပ်ချက်အရ သက်ဆိုင်ရာ ဝန်ကြီးဌာန များသို့ သဘောထား တောင်းခံခြင်း - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	၂၉-၁၀-၂၀၁၉	၁၄-၁၁-၂၀၁၉	
၄	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း	၃၄/၂၀၁၉ (၃၀-၉-၂၀၁၉)		
၅	အဆိုပြုချက်အားလက်ခံကြောင်း ပြန်ကြားခြင်း	၃-၁၀-၂၀၁၉		
၆	အဆိုပြုချက်အပေါ် ပြင်ဆင် တင်ပြရမည့်အချက်များ အကြောင်းကြားခြင်း	၈-၁၀-၂၀၁၉	၂၃-၁၀-၂၀၁၉	
၇	အဆိုပြုချက်အား ကော်မရှင် အစည်းအဝေးသို့ တင်ပြခြင်း	၁၉/၂၀၁၉ (၂၉-၁၁-၂၀၁၉)		
	စုစုပေါင်းကြာမြင့်ရက်	(၆၈) ရက်		

အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်အပေါ်
ဆောင်ရွက်ပြီးစီးမှု

ကုမ္ပဏီအမည်	Khine Zin Yaw Trading Company Limited
လုပ်ငန်းအမျိုးအစား	ရေငန်ပုဇွန်မွေးမြူ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း (farming and production of shrimp)
PATအကြိမ်/နေ့စွဲ	၃၄/၂၀၁၉ (၃၀-၉-၂၀၁၉)

စဉ်	အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်ရန် အချက်များ	ဆောင်ရွက် ပြီးစီးမှု ပြီး(✔) မပြီး(x)	မှတ်ချက်
၁	လုပ်ငန်းအမျိုးအစား ပြန်လည် ပြင်ဆင် တင်ပြရန်။	✔	
၂	စက်ပစ္စည်းစာရင်းအား ပြည်တွင်း နှင့် ပြည်ပ ခွဲ၍ တင်ပြရန်။	✔	
၃	ဝင်ငွေနှင့် အသုံးစရိတ်စာရင်း တင်ပြပေးရန်။	✔	
၄	လုပ်ငန်း စီမံချက် တင်ပြပေးရန်။	✔	
၅	ပုဇွန်ကန် Layout Plan တင်ပြရန်။	✔	
၆	ကုမ္ပဏီအမည်ဖြင့် ဘဏ်အထောက်အထား တင်ပြရန်။	✔	
၇	ကုန်ကြမ်း ရယူမည့် အစီအစဉ်နှင့် ပုဇွန်သားပေါက်အား ပြည်ပမှ တင်သွင်းရန် ရှိပါက တင်ပြရန်။၏	✔	
၈	ထုတ်လုပ်မှုဇယားတွင် ပြည်တွင်း ရောင်းချမှုနှင့် ပြည်ပ ရောင်းချမှုအား ခွဲခြား ဖော်ပြရန် နှင့် ပုဇွန်အမျိုးအစားအား တိကျစွာ ဖော်ပြရန်။	✔	

အကြောင်းအရာ။ ရခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Khine Zin Yaw Trading Company Limited မှ ရေငန်ပုဇွန်မွေးမြူ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/	- Khine Zin Yaw Trading Company Limited
	ရင်းနှီးမြှုပ်နှံသူ	- ဦးစန်းမောင်
	ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဍာန်	- ရခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
	လုပ်ငန်းအမျိုးအစား	- ရေငန်ပုဇွန်မွေးမြူ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း (farming and production of shrimp)
၂။	တည်နေရာ	- ကွင်းအမှတ်(၉-ပSS)၊ ပထော်ကြေးတိုင်ပြင်ကွင်း၊ မအိုင်ကျေးရွာအုပ်စု၊ ကျွန်းစုမြို့နယ်၊ မြိတ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး
၃။	မြေပိုင်ရှင်/မြေအသုံးပြုခွင့်ရရှိသူ	- Khine Zin Yaw Trading Company Limited
	မြေအကျယ်အဝန်း	စုစုပေါင်း မြေဧရိယာ ၁၆၇ ဧက
၄။	ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်သက်တမ်း	- ၃၀ နှစ်
	တည်ဆောက်မှုကာလ/ပြင်ဆင်မှုကာလ	- ၂ နှစ်
၆။	စုစုပေါင်းမတည်ငွေရင်း	- ကျပ် ၃,၃၀၀.၀၀၀ သန်း
	ထည့်ဝင်သည့် အမျိုးအစား	
	-ငွေသား	- ကျပ် ၁၉၉၈.၀၀၀ သန်း
	-စက်ပစ္စည်းကိရိယာများ	- ကျပ် ၉၂၂.၅၀၀ သန်း
	-အဆောက်အဦတန်ဖိုး	- ကျပ် ၃၇၉.၅၀၀ သန်း
	စုစုပေါင်း	- ကျပ် ၃,၃၀၀.၀၀၀ သန်း
၈။	ဝန်ထမ်းအင်အား	- ၆၅ ဦး
	ပြည်တွင်း	- ၅၅ ဦး (ပြည်တွင်း ဝန်ထမ်းတစ်ဦး၏အနိမ့်ဆုံးလစာမှာ ကျပ် ၁၅၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၄၀၀,၀၀၀ ဖြစ်ပါသည်။)
	ပြည်ပ	- ၁၀ ဦး (ပြည်ပ ဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၅၀၀,၀၀၀ ဖြစ်ပါသည်။)

<table>
<tr><td>၈။</td><td>ရောင်းချမည့်စနစ်
ထုတ်လုပ်မှု
(ပထမနှစ်ခြောက်)</td><td>- ပြည်ပ ၃၀% နှင့် ပြည်တွင်း ၇၀%
<table>
<tr><th rowspan="2">အမျိုးအစား</th><th colspan="2">အရေအတွက်
(Kg)</th><th colspan="2">ရောင်းချမည့် ဈေးနှုန်း
(Kg)</th></tr>
<tr><th>Foreign
၃၀%</th><th>Local
၇၀%</th><th>US$</th><th>ကျပ်</th></tr>
<tr><td>Vannamei Shrimp</td><td>၁၉၈၀၀၀</td><td>၄၆၂,၀၀၀</td><td>၅.၀၀</td><td>၅,၀၀၀</td></tr>
</table></td></tr>
<tr><td>၉။</td><td>လျှပ်စစ်ဓါတ်အားသုံးစွဲမှု
(နှစ်စဉ်)</td><td>- ၇၅၀ kWh</td></tr>
<tr><td>၁၀။</td><td>အခြားတင်ပြချက်</td><td>- မြေ အထောက်အထားအဖြစ် Khine Zin Yaw Trading Company Limited အမည်ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံ ခန့်ခွဲရေးဗဟိုကော်မတီမှ ပုဇွန် မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုခွင့်ပေးသော ခွင့်ပြုမိန့် အထောက်အထားအား တင်ပြထားပါသည်။

- ငွေကြေးအထောက်အထားအဖြစ် ဦးစန်းမောင်နှင့် ဒေါ်အေးအေးမူ အမည်ဖြင့် AGD Bank တွင် (၁၉-၈-၂၀၁၉) ရက်စွဲဖြင့် ကျပ် ၄၄၄,၇၁၁,၉၀၇.၉၅ နှင့် Khine Zin Yaw Trading Company Limited အမည်ဖြင့် CB Bank တွင် (၄-၁၀-၂၀၁၉)ရက်စွဲဖြင့် ၁,၀၀၀,၈၁၈,၀၀၀.၀၀ ရှိကြောင်း တင်ပြထားပါသည်။

- ပုစွန်သားပေါက် (Vannamei Shrimp)များကို ပြည့်ဖြိုးထွန်း ကုမ္ပဏီမှတဆင့် ဝယ်ယူမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

- ထိုင်းနိုင်ငံမှ ပုစွန်အစာ တစ်နှစ်လျှင် US$ ၃,၈၁၀,၅၀၀.၀၀ တင်သွင်းမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

- လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး အစီအစဉ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်၊ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက် ၊ CSR Plan ၊ လုပ်ငန်း စီမံချက် ၊ အဆောက်အဦပုံများ နှင့် Layout Plan များကို တင်ပြထားပါသည်။

- အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန် မွေးမြူမည့် ပုဇွန် ရယူမည့် အစီအစဉ် နှင့် ပုစွန် နမူနာပုံများတင်ပြ ထားပါသည်။</td></tr>
</table>

၁၁။	စိစစ်တင်ပြချက်	- အဆိုပြုလုပ်ငန်းသည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် ပါဝင်ပြီး ISIC Code- 0321, 0322 တွင် အကျုံး ဝင်ပါသည်။ - အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ အရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ဝန်ကြီးဌာန အတည်ပြုချက် ရယူဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ခြင်းကြောင့် တနင်္သာရီတိုင်း ဒေသကြီးဦးစီးမှူးရုံးမှ အမှုတွဲအား လွှဲပြောင်းပေးပို့လာခြင်း ဖြစ်ပါသည်။ - တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးမှ အဆိုပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲ ရမည်ဖြစ်ကြောင်း သဘောထား ပြန်ကြားထားပြီးဖြစ်ပါသည်။ - တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အဆိုပြု လုပ်ငန်းအပေါ် သဘောထား တောင်းခံလာခြင်းအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကန့်ကွက်ရန် မရှိပါ ကြောင်း(၂-၈-၂၀၁၉)ရက်စွဲပါစာဖြင့် သဘောထားပြန်ကြား ထားပြီး ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက-၂/ခ-၀၅၆/၂၀၁၉(၃၇၇)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့် အမှာစာ

အကြောင်းအရာ။ **ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Khine Zin Yaw Trading Company Limited မှ ရေငန်ပုဇွန်မွေးမြူ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Khine Zin Yaw Trading Company Limited မှ ကွင်းအမှတ်(၉-OSS)၊ ပထော်ကြေးတိုင်ပြင်ကွင်း၊ မအိုင်ကျေးရွာအုပ်စု၊ ကျွန်းစုမြို့နယ်၊ မြိတ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြေ (၁၆၇)ဧကတွင် ရေငန်ပုဇွန်မွေးမြူ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့် ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ Khine Zin Yaw Trading Company Limited အမည်ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ ပုဇွန် မွေးမြူရေးလုပ်ငန်း အတွက် အသုံးပြုခွင့်ပေးသော ခွင့်ပြုမိန့် အထောက်အထား တင်ပြထားပါသည်။

၃။ လုပ်ငန်း စီမံကိန်းကာလမှာ ၃၀ နှစ် ဖြစ်ပြီး တည်ဆောက်ရေး ကာလမှာ ၂ နှစ် ကြာမြင့်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၄။ လုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းမှာ ကျပ် **၃,၃၀၀.၀၀၀ သန်း** ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ထည့်ဝင်သည့်အမျိုးအစား	ကျပ်သန်း
ငွေသား	၁၉၉၈.၀၀၀
စက်ပစ္စည်းကိရိယာများ	၉၂၂.၅၀၀
အဆောက်အဦတန်ဖိုး	၃၇၉.၅၀၀
စုစုပေါင်း	၃,၃၀၀.၀၀၀

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်း ဝန်ထမ်း (၅၅)ဦး နှင့် ပြည်ပဝန်ထမ်း (၁၀)ဦး စုစုပေါင်း ဝန်ထမ်းဦးရေ(၆၅)ဦး ခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ ကျပ် ၁၅၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၄၀၀,၀၀၀ ဖြစ်ပါသည်။ ပြည်ပ ဝန်ထမ်း တစ်ဦး၏ လစာမှာ ကျပ် ၅၀၀,၀၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှ ပုစွန်များကို ပြည်ပသို့ ၃၀% နှင့် ပြည်တွင်းသို့ ၇၀% ရောင်းချမည် ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်း၏ ထုတ်လုပ်မှု နှင့် ရောင်းဈေးနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အမျိုးအစား	အရေအတွက် (Kg)		ရောင်းချမည့် ဈေးနှုန်း (Kg)	
	ပြည်ပ ၃၀%	ပြည်တွင်း ၇၀%	US$	ကျပ်
Vannamei Shrimp	၁၉၈၀၀၀	၄၆၂,၀၀၀	၅.၀၀	၅,၀၀၀

၈။ အဆိုပြုလုပ်ငန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အောက်ပါအတိုင်း သဘောထား ပြန်ကြားလာပါသည်-

(က) **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ** အဆိုပြုလုပ်ငန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန် မရှိကြောင်း နှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် ပြန်ကြားလာပါသည်။

နောက်ဆက်တွဲ(က)

(ခ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ Khine Zin Yaw Trading Company Limited ၏ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ရှိ မြေ (၁၆၇)ဧက တွင် ရေငန်ပုစွန်မွေးမြူထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ဒေသနေပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိခြင်း၊ ခေတ်မီပုစွန်မွေးမြူရေး နည်းပညာအတွေ့အကြုံများ ရရှိနိုင်ပြီး သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်ခြင်းနှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်း လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန် မရှိပါ ကြောင်း ပြန်ကြားလာပါသည်။ **နောက်ဆက်တွဲ(ခ)**

(ဂ) **တနင်္သာရီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အဆိုပြုတင်ပြလာသောလုပ်ငန်းနှင့် စပ်လျဉ်း၍** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) အစီရင်ခံစာ ရေးဆွဲဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP)ကို ရေးဆွဲတင်ပြရမည် ဖြစ်ကြောင်းပြန်ကြားလာပါသည်။ **နောက်ဆက်တွဲ(ဂ)**

၉။ ငွေကြေး အထောက်အထားအဖြစ် ဦးစန်းမောင်နှင့် ဒေါ်အေးအေးမူ အမည်ဖြင့် AGD Bank တွင် (၁၉-၈-၂၀၁၉) ရက်စွဲဖြင့် ကျပ် ၄၄၄,၇၁၁,၉၀၇.၉၅ နှင့် Khine Zin Yaw Trading Company Limited အမည်ဖြင့် CB Bank တွင် (၄-၁၀-၂၀၁၉)ရက်စွဲ ဖြင့် ၁,၀၀၀,၈၁၈,၀၀၀.၀၀ ရှိကြောင်း တင်ပြထားပါသည်။

၁၁။ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး အစီအစဉ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်၊ မီးဘေး ကြိုတင်ကာကွယ်ရေး စီမံချက် ၊ CSR Plan ၊ လုပ်ငန်း စီမံချက် ၊ အဆောက်အဦပုံများ နှင့် Layout Plan များကို တင်ပြထားပါသည်။

၁၂။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ၃၄/၂၀၁၉ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

စိစစ်တင်ပြချက်

၁၃။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) ပုစွန်သားပေါက် (Vannamei Shrimp)များကို ပြည့်ဖြိုးထွန်းကုမ္ပဏီမှတဆင့် ဝယ်ယူမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

(ခ) ထိုင်းနိုင်ငံမှ ပုစွန်အစာ တစ်နှစ်လျှင် US$ ၃,၈၁၀,၅၀၀.၀၀ တင်သွင်းမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

(ဂ) အဆိုပြုလုပ်ငန်းသည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် ပါဝင်ပြီး ISIC Code-0321, 0322 တွင် အကျုံးဝင်ပါသည်။

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မူဝါဒနှင့် ဥပဒေရေးရာဌာနခွဲမှ ကော်မရှင် ခွင့်ပြုမိန့် နှင့် ဆုံးဖြတ်ချက်(မူကြမ်း)အား ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း စိစစ်ပြီး ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၄။ ရခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Khine Zin Yaw Trading Company Limited မှ ရေငန်ပုစွန်မွေးမြူ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းအပေါ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့် ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ (ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ

(၁၆)

နောက်ဆက်တွဲ-က

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
ထားဝယ်မြို့

စာအမှတ်၊ [illegible] /၄၀၀(၁)/၉-၁/အဖရ(တနင်္သာရီ)
ရက် စွဲ၊ ၂ ၀ ၁ ၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်

သို့

ဥက္ကဋ္ဌ
တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
ထားဝယ်မြို့

အကြောင်းအရာ။ သဘောထားပြန်ကြားခြင်း
ရည် ညွှန်း ချက်။ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂၄.၄.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ရက-တနသ/ရင်းနှီး(ထွေ)/၂၀၁၉(၁၈၅)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉/OSS)၊ ပထော်ကြေးတိုင်မြင်ကွင်းအတွင်းရှိ မြေဧရိယာ(၁၆၇)ဧကပေါ်တွင် မြန်မာနိုင် [illegible] မြှုပ်နှံမှုဖြင့် ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် နိုင်ဇင်ယော်ကုမ္ပဏီလီမိ [illegible] လာမှုအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုပေးရန်အတွက် တိုင်းဒေသကြီး [illegible] ၏ သဘောထားမှတ်ချက်အား ဆောလျင်စွာပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် [illegible]

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ၁၈-၇-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် [illegible] တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၈/၂၀၁၉)၊ ဆုံးဖြတ်ချက်အ [illegible] "ကန့်ကွက်ရန်မရှိကြောင်း" ဆုံးဖြတ်ခဲ့သဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင် [illegible] အကြောင်း ကြားပါသည်။

ဝန်ကြီးချုပ် [illegible]
(ခင်မောင်ကျော် [illegible])

မိတ္တူကို
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့
လက်ခံစာတွဲ
မျှောစာတွဲ

DR ၂၈၂

နောက်ဆက်တွဲ- ခ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

နပ၂-၆၆၂
၁၆-၁၁-၁၉

စာအမှတ်၊ ၃/၂၀၀၀/မွေးရေကျေး(၃၇၀ /၂၀၁၉)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉-၁၀-၂၀၁၉ ရက်စွဲပါစာအမှတ်၊ မရက-၂/ခ-၀၅၆/၂၀၁၉(၃၃၃)

၁။ Khine Zin Yaw Trading Co., Ltd သည် ရခိုင်ပြည်နယ်ပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ကွင်းအမှတ် (၉-OSS)၊ ပထော်ကြေးတိုင်ပြင်ကွင်း၊ မအိုင်ကျေးရွာအုပ်စု၊ ကျွန်းစုမြို့နယ်၊ မြိတ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြေ (၁၆၇)ဧကတွင် ရေငန်ပုစွန်မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခြင်းအပေါ် အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးဌာနမှူး ဦးဆောင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးချက်များအရ-

(က) မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ပထော်ကြေးတိုင်ပြင်ကွင်း၊ ကွင်းအမှတ် (၉-OSS)ရှိ လျှောက်ထားမြေနေရာ(၁၆၇.၀၀)ဧကသည် ဦးစန်းမောင် (ခိုင်ဇင်ယော်ကုမ္ပဏီ)က ဝယ်ယူပိုင်ဆိုင်ထားသော မြေနေရာဖြစ်ပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဗဟိုကော်မတီ၏ (၆ - ၆ - ၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၁၉/မလရ-၁၆ (၀၄၉/၂၀၁၉)အရ ပုစွန်မွေးမြူရန်(၂၀၁၉ ခုနှစ်မှ ၂၀၄၉ ခုနှစ်ထိ) နှစ်ပေါင်း(၃၀) လုပ်ပိုင်ခွင့်ပြုမိန့်ရရှိပြီးဖြစ်ကြောင်း၊

(ခ) ၎င်းမြေဧရိယာ (၁၆၇.၀၀)ဧက အနက် မြေ(၆၀.၆၀)ဧကသည် ငါးလုပ်ငန်းဦးစီးဌာနက ရေငန်ပုစွန်မွေးမြူခွင့်လိုင်စင် ထုတ်ပေးထားပြီး ရေငန်ပုစွန်များ စတင်မွေးမြူထားပါကြောင်း၊

(ဂ) ကျန်ရှိသော မြေဧရိယာ (၁၀၆.၄၀) ဧကတွင် ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် (၈၅)မီတာ ပတ်လည် ကန် (၁၁)ကန်၊ (၁၀၀) မီတာပတ်လည် ကန် (၁၁)ကန်၊ စုစုပေါင်းကန် (၂၂)ကန် ၂၀၂၀ ခုနှစ်တွင် ရေငန်ပုစွန် မွေးမြူနိုင်ရန်အတွက် ပြင်ဆင်ထားရှိကြောင်း၊

(ဃ) ဦးစန်းမောင် (ခိုင်ဇင်ယော်ကုမ္ပဏီ)က လျှောက်ထားသော (၁၆၇.၀၀) ကေအတွင်း ရေလှောင်ကန်၊ ရေသန့်ကန်၊ ရေနုတ်မြောင်း၊ ရေစစ်ကန်၊ ပုစွန်မွေးကန် (၁၁)ကန် ဂိုဒေါင်၊ ပင်မအဆောက်အဦ၊ ကားဂိုဒေါင်၊ ဝပ်ရှော့ရုံ၊ မီးစက်ရုံ၊ ရိပ်သာကြီး (၁)ဆောင်နှင့် အခြားအဆောက်အဦငယ်များ ဆောက်လုပ်ထားကြောင်း၊

(င) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်မည့် အစီအစဉ်တစ်ခုအနေဖြင့် ပုစွန်မွေးမြူရေးကန်ဧရိယာအတွင်း မြေကွက်လပ်နေရာများတွင် ဒီရေတောများ ပြန်လည်အစားထိုးစိုက်ပျိုးမှုအတွက် အပင် (၆၀၀၀) စိုက်ပျိုးခဲ့ပြီး ဆက်လက်စိုက်ပျိုးရန်အတွက် ပျိုးပင် (၂၀၀၀၀)ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊

(စ) ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာ၌ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးတို့အား လိုအပ်သလို ကူညီဆောင်ရွက်လျက်ရှိကြောင်း စိစစ်တင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ Khine Zin Yaw Trading Co., Ltd က တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ရှိ မြေ (၁၆၇)ကေတွင် ရေငန်ပုစွန်မွေးမြူထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်း၊ ခေတ်မီပုစွန်မွေးမြူရေး နည်းပညာအတွေ့အကြုံများရရှိနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်ခြင်းနှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်။

၁၄/၁၁

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
လှထွန်း၊ဒုတိယအမြဲတမ်းအတွင်းဝန်

မိတ္တူ

- ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
- ရုံးလက်ခံ
- မျှော

နောက်ဆက်တွဲ- ဂ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
စာအမှတ်............
ရက်စွဲ...................
တနင်္သာရီတိုင်းဒေသကြီး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦး [illegible] နှ
ညွှန်ကြားရေးမှူးရုံး
တနင်္သာရီတိုင်းဒေသ [illegible] မြို့
စာအမှတ်၊ ၂/ ၅ / ၄(ဝ၁- [illegible] ၂၀၁၉)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်

သို့

ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

အကြောင်းအရာ။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည် ညွှန်း ချက်။ တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ထားဝယ်မြို့၏ [illegible]-၄-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ရက-တနသ/ ရင်းနှီး(ထွေ)/ [illegible]

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး၊ [illegible] စုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉/OSS)၊ ပထော်ကြေးတိုင်ပြင်ကွင်း [illegible] (၁၆၇.၀၀)ဧကပေါ်တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ခေတ်မီရေငန်ပုစွန် [illegible] လုပ်ငန်း ဆောင်ရွက်ရန် နိုင်ဇင်ယော်ကုမ္ပဏီလီမိတက်မှ တင်ပြလာမှုနှင့်ပတ်သက်၍ မည်သည့် [illegible] ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် ဆောင်ရွက်ရမည်ကို ဆောလျင်စွာ ပြန်ကြားပေးနိုင်ပါရန် ပေးပို့ညှိနှိုင်းလာမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် (၂၅-၄-၂၀၁၉) ရက်နေ့တွင် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

၂။ နိုင်ဇင်ယော်ကုမ္ပဏီလီမိတက်မှ ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည်-

(က) အဆိုပြုလုပ်ငန်းသည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉/OSS)၊ ပထော်ကြေးတိုင်ပြင်ကွင်းအတွင်း တည်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်မည့် မြေအမျိုးအစားမှာ လယ်ယာမြေမှ အခြားနည်းသုံးပြုခွင့်လျှောက်ထားဆဲဖြစ်ပြီး မြေဧရိယာ(၁၆၇.၀၀)ဧကတွင် နှစ်(၃၀)ငှားရမ်းခွင့်ဖြင့် လုပ်ကိုင်မည်ဖြစ်ကြောင်း၊

(ဂ) အဆိုပါလုပ်ငန်းသည် နိုင်ငံသား ၁၀၀% ရင်းနှီးမြှုပ်နှံမှုဖြင့် မတည်ရင်းနှီးငွေပမာဏ ကျပ်သန်း(၁၅၀၀)ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါကြောင်း၊

(ဃ) အဆိုပြုလုပ်ငန်းသည် ပုစွန်ကန်များကို တူးဖော်၍ ပုစွန်ကန်အောက်ခြေမြေသားများ ညီညာမှုရှိစေရန်အတွက် မြေညှိခြင်းနှင့် ပင်လယ်ရေငန်ယိုစိမ့်မှုမရှိစေရန်အတွက်

HDPE (High Density Polyethylene)ဟုခေါ်သည့် ပလတ်စတစ်အခင်းများ ခင်းကျင်းထားရှိမည်ဖြစ်ပါကြောင်း၊

(င) အဆိုပါ HDPE ပလတ်စတစ်အခင်းများနှင့် အောက်ခံမြေသား[illegible] PVC ပိုက်များ ထည့်သွင်း၍ စိမ့်ထွက်လာသော ရေဆိုးများကို ပြန်လ[illegible]ခြင်း၊ ထွက်ရှိလာမည့် ပုစွန်အညစ်အကြေးများအတွက် အညစ်အကြေးစွန့်ကန်များ တည်ဆောက်ထားရှိမည်ဖြစ်ကြောင်း၊

(စ) ပုစွန်မွေးမြူရေးကန်များတွင် HDPE ပလတ်စတစ်အခင်းများ [illegible]ပါက ရေလည်ပတ်စီးဆင်းစေရန်နှင့် အောက်ဆီဂျင်ရရှိစေရန်အတွက် ပုစွန်[illegible]ကန် တွင် ရေဒလက်(၁၆၀)နှုန်းဖြင့် တပ်ဆင်မည်ဖြစ်ပြီး အောက်ဆီဂျင်[illegible]မှုမရှိ စေရန်အတွက် Compressor များဖြင့် အောက်ဆီဂျင်ရရှိနိုင်ရေး [illegible]ခြင်း၊ လျှပ်စစ်ပြတ်တောက်မှု မိနစ်(၃၀)ခန့်ကြာမြင့်ပါက ကန်အတွင်း မွေးမြူထားသော ပုစွန်များ သေကြေပျက်စီးနိုင်သောကြောင့် အရေးပေါ်မီးစက်များကို [illegible]ထားရှိ မည်ဖြစ်ကြောင်း၊

(ဆ) လိုအပ်သော ပုစွန်သားပေါက်များကို ထိုင်းနိုင်ငံ၊ Charoen Pokphand Foods Public Co., Ltd(CP)မှ မှာယူပြီး မဲ့ဆောက် နယ်စပ်ကုန်သွယ်ရေးစခန်းမှတ[illegible]သို့ သယ်ယူမည်ဖြစ်ပါကြောင်း၊

(ဇ) ရေငန်ပုစွန်မွေးမြူရေးကန်(၅၀)စီမံကိန်းအား အကောင်အထည်ဖော်ရန် [illegible]နှစ် လျာထားဆောင်ရွက်မည်ဖြစ်ပြီး ပထမအဆင့် (၁၁)ကန်အား (၁)နှစ်နှင့် (၆)လ ဖြင့် လည်းကောင်း၊ ဒုတိယအဆင့် (၁၆)ကန်အား (၂)နှစ်ဖြင့်လည်းကောင်း၊ တတိယ အဆင့် (၂၃)ကန်အား (၃)နှစ်နှင့် (၆)လဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ဈ) ပုစွန်မွေးမြူရေးရက်(၁၀၀)ပြည့်ပါက ကန်အတွင်းရှိ ပုစွန်များကို ဖမ်းယူမည်ဖြစ်ပြီး ပုစွန်ကန်(၁)ကန်လျှင် ပျမ်းမျှပုစွန်(၁၅)တန်မှ (၂၀)တန်အထိ ဖမ်းယူရရှိမည်ဖြစ် ကြောင်း၊

(ည) အဆိုပြုလုပ်ငန်းမှ ပုစွန်မွေးမြူထုတ်လုပ်ကာ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများဖြစ်သော ဂျပန်နှင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချသွားမည်ဖြစ်ပါကြောင်း၊

၃။ နိုင်ဇင်ယော်ကုမ္ပဏီလီမိတက်မှ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း လေ့လာသုံးသပ်ရပါသည်-

(က) အဆိုပြုလုပ်ငန်းမှ ပုစွန်မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် တည်ဆောက်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ထွက်ရှိလာမည့်

ဖုန်မှုန့်နှင့် မြေသားအပူန်အပွားများကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းခြင်းနိုင်ကြောင်း သုံးသပ်ရပါသည်။

(ခ) လုပ်ငန်းသုံးယာဉ်ယန္တရားများ၏ စွန့်ပစ်ပစ္စည်းများဖြစ်သည့် စက်သုံးဆီ ချောဆီများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်နိုင်ကြောင်း သုံးသပ်ရပါသည်။

(ဂ) လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ပါက အအေးခန်းများမှ ထွက်ရှိလာမည့် ပုဇွန်အစအနများ၊ စွန့်ပစ်ရေဆိုးများ၊ အနံ့အသက်များကြောင့် ပတ်ဝန်းကျင် ရေထု၊ မြေထု၊ လေထု ညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ကြောင်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်သော ပြည်သူလူထုကို အနှောင့်အယှက်ဖြစ်နိုင်ပါကြောင်း သုံးသပ်ရပါသည်။

(ဃ) အဆိုပြုလုပ်ငန်းလုပ်ကိုင်မည့် တည်နေရာသည် ပြိတ်ကမ်းရိုးတန်းမှ ရေမိုင်အကွာခန့် ကီလိုမီတာ(၃၀)အကွာတွင် တည်ရှိနေပြီး ဒီရေတောသစ်မျိုးများ ပေါင်းပွာ ပေါက်ရောက်နေသော နေရာဖြစ်သောကြောင့် လုပ်ငန်းလုပ်ကိုင်ခြင်းအတွက် သစ်ပင်များခုတ်ထွင်ရှင်းလင်းရာတွင် ဒီရေတောဂေဟစနစ်ကို ထိခိုက်ပျက်စီးနိုင်ကြောင်း သုံးသပ်ရပါသည်။

၄။ နိုင်ဖင်ယော်ကုမ္ပဏီလီမိတက်မှ ရေငန်ပုဇွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အကြံပြုအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းသည် ပုဇွန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ရေများကို အနီးအနားရှိ မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းမပြုရန်၊

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် မြေနေရာရှင်းလင်းခြင်းအတွက် ဒီရေတောသစ်မျိုးများကို တတ်နိုင်သမျှ ထိခိုက်မှုနည်းပါးစေရေး စနစ်တကျဆောင်ရွက်ရန်၊

(ဂ) အဆိုပြုလုပ်ငန်း လုပ်ကိုင်သည့်မြေဧရိယာ၏ နံဘေးကမ်းစပ်များတွင် မြေဆီလွှာတိုက်စားမှုလျော့ပါးစေရေးအလို့ငှာ ဒီရေတောကမ်းထိမ်းသစ်မျိုးများ ပြန်လည်စိုက်ပျိုးသွားရန်၊

(ဃ) အဆိုပြုလုပ်ငန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါနောက်ဆက်တွဲ(က)အမှတ်စဉ်(၃၄)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောဆိုင်ရာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ခေါင်းစဉ်အောက်တွင် " မြစ်၊ ကန်အတွင်းပုဇွန် သားဖောက်ခြင်း အပါအဝင် ရေချိုငါးသားဖောက်ခြင်းနှင့် မွေးမြူခြင်းလုပ်ငန်းတွင် ရေမျက်နှာပြင် ဧရိယာ ၂၅ ဟက်တာနှင့်အထက် "အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)ပြုလုပ်ရန်ဟု သတ်မှတ်ဖော်ပြထား၍ အဆိုပါစီမံကိန်းအား EIA အစီရင်ခံစာရေးဆွဲ တင်ပြဆောင်ရွက်ရန်၊

(င) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၄၅၊ ၄၆ တို့အရ စီမံကိန်းအဆိုပြုသူသည် EIA မစတင်မီ အဆိုပါလုပ်ငန်းကို ဆောင်ရွက်မည့် တတိယ

ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ရယူရန်၊

(စ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၄၇ မှ အပိုဒ် ၅၄ ထိ ဖော်ပြချက်အရ စီမံကိန်းအဆိုပြုသူသည် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာနှင့် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို လမ်းညွှန်ချက် များနှင့်အညီ ဆောင်ရွက်သွားမည့် လုပ်ငန်းတစ်ခုချင်းအလိုက် လေ့လာဆန်း စစ်ပြုစု၍ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရန်၊

(ဆ) အတည်ပြုပြီးသော နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာပါအချက်များ အပေါ် အခြေခံ၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၆၃) ပါအချက်များနှင့်အညီ EIA ကို ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ရေးဆွဲတင်ပြရန်၊

(ဇ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေးထိ ခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင် ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ် ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက် မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည့်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံ ခန့်ခွဲမှုအစီအစဉ်(Environmental Management Plan- EMP)ကို ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဈ) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်း မာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက် အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် လူမှုရေးဆိုင်ရာ အကျိုးပြုလုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility- CSR)အတွက် အသားတင်အမြတ်ငွေ၏ (၂%)အား အသုံးပြုခြင်းအား လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ည) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကိုစတင်ဖြစ်ပေါ်စေသူ သည် ပတ်ဝန်းကျင်တွင်ညစ်ညမ်းမှုကိုဖြစ်စေသည့် ပစ္စည်းများကိုသတ်မှတ်ထား သည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များ အတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့်စုပုံခြင်းများ ပြုလုပ်ရန်၊

(ဋ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကိုစတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခုခု၏ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်သုံးအထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို ပထိခိုက်စေသောနည်း လမ်းများနှင့်အညီစွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်၊

(ဌ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဍ) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများ ရယူဆောင်ရွက်ရန်၊

တာဝန်ခံအရာရှိ

(ထွန်းထွန်းဦး-၁၊ လက်ထောက်ညွှန်ကြားရေးမှူး)

မိတ္တူကို

ဝန်ကြီး(သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး)၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်

ခိုင်ဇင်ယော်ကုမ္ပဏီလီမိတက်၊ နောက်လယ်ရပ်၊ မြိတ်မြို့

ရုံးလက်ခံ

မျှောစာတွဲ